KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဒီဇင်ဘာလ ၂ရက်၊ ၂၀၂၁ခုနှစ်/KHRG စာအမှတ် 21-276-I1

# တောအူးခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဒေါ့ဖာခို့မြို့နယ်တွင် ဖြစ်ပွားခဲ့သည့်လူသတ်မှု (၂၀၂၁ခုနှစ်၊ ဇူလိုင်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၁ခုနှစ်၊ ဇူလိုင်လ၌ တောအူး (တောင်ငူ) ခရိုင်၊ ဒေါ့ဖာခို့ (သံတောင်ကြီး) မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အကြောင်းအရာများကို ဖော်ပြထားသည်။ ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၉ရက်နေ့၌ ရွာသားနှစ်ဦးသည် တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ--- ကျေးရွာတွင် နေထိုင်သော စောဘ---နှင့် သူ၏မိသားစုဝင်များအား သတ်ဖြတ်ရန် ကြိုးစားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စောဘ---သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး (နစက) စစ်သားများနှင့် ရဲများကို သတင်းပေးသူတစ်ဦးအဖြစ် ၎င်းတို့မှ ထင်မြင်ယူဆခဲ့ခြင်းဖြစ်သည်။ စောဘ---နှင့် သူ၏အမျိုးသမီးတို့မှာ အသတ်ခံရပြီး သူ၏သားနှင့်မြေးတို့မှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။ ထိုနေ့တွင်ပင် ကရင်အမျိုးသားအစည်းအရုံး (KNU) အာဏာပိုင်များက ထိုပြစ်မှုကျူးလွန်သူ ရွာသားနှစ်ဦးကို ဖမ်းဆီးခဲ့သည်။ သို့သော်လည်း အရေးယူဆောင်ရွက်ရန်အတွက် စုံစမ်းစစ်ဆေးခြင်းအား ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။* [1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| အခင်းဖြစ်ပွားမှုအမျိုးအစား | လူသတ်မှု |
| အခင်းဖြစ်ပွားသည့်နေ့ရက် | ၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၉ရက်နေ့ |
| အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်) | တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ---ကျေးရွာ |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| နာမည် | စောဘ---(သေဆုံး) | နော်စ--- (သေဆုံး) | စောဒ--- (ကျန်ရစ်) | နော်အ--- (ကျန်ရစ်) |
| ကျား/မ | ကျား | မ | ကျား | မ |
| လူမျိုး | ကရင် | ကရင် | ကရင် | ကရင် |

[1] ဤအစီရင်ခံစာသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော တောအူးခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| | | | | |
|---|---|---|---|---|
| မိသားစုရှိ/မရှိ | ရှိ | ရှိ | ရှိ | မရှိ |
| အလုပ်အကိုင် | ခြံလုပ်သား | ခြံလုပ်သား | ခြံလုပ်သား | မှီခို |
| ကိုးကွယ်သည့် ဘာသာ | ခရစ်ယာန် | ခရစ်ယာန် | ခရစ်ယာန် | ခရစ်ယာန် |
| ရာထူးအဆင့် | ရွာသား | ရွာသား | ရွာသား | ရွာသား |
| နေရပ်ရွာအမည် | တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ---ကျေးရွာ | တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ--- ကျေးရွာ | တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ--- ကျေးရွာ | တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ--- ကျေးရွာ |
| အသက် | ၅၅နှစ် | ၅၀ နှစ် | ၃၀နှစ် | ၇နှစ် |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | |
|---|---|---|
| **အမည်** | **အလုပ်အကိုင်** | **နေရပ်ရွာအမည်** |
| စောင---- | အရောင်းအဝယ် | တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ---ရွာ |
| စောင---- ၏သူငယ်ချင်း | မသိ | တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ သံတောင်မြို့၊ ဗိုလ်တဲကုန်းရပ်ကွက် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| နော်အ---၏အဖွားဖြစ်သူ ဒေါ်ဖ---သည် KHRG သတင်းစုဆောင်းသူတစ်ဦးအား ဖုန်းဖြင့်ခေါ်ဆို၍ ဤမှုခင်းဖြစ်စဉ်နှင့် ပတ်သတ်ပြီး ၎င်းအား ပြောပြခဲ့သည်။ ဒေါ်ဖ---သည် စောဒ---ယောက္ခမလည်း ဖြစ်သည်။ ထို့နောက် KHRG သတင်းစုဆောင်းသူသည် သူမကိုသွားရောက်တွေ့ဆုံပြီး မေးမြန်းမှုများပြုလုပ်ခဲ့သည်။ ထို့အပြင် KHRG သတင်းစုဆောင်းသူသည် သေနတ်ဖြင့်အပစ်ခံရသည့် စောဒ---အား ဆေးရုံမှဆင်းလာပြီးနောက် သွားရောက်တွေ့ဆုံခဲ့ပြီး ဤဖြစ်စဉ်နှင့် ပတ်သတ်၍ မေးမြန်းခဲ့သည်။ KHRG သတင်းစုဆောင်းသူသည် စောဘ---၏သမီးဖြစ်သူ နော်ဂ---ကိုလည်း ဖုန်းဖြင့်ခေါ်ဆို၍ စကားပြောမေးမြန်းခဲ့သည်။ သူမသည် ဤဖြစ်စဉ်နှင့်ပတ်သတ်ပြီး မျက်မြင်ကိုယ်တွေ့တစ်ဦးဖြစ်သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအရင်းအမြစ်အား ပထမဦးဆုံးမျှဝေသူသည် ဖြစ်စဉ်တွင်ပါဝင်သည့် အသက်ရှင်ကျန်ရစ်နေသူနှစ်ဦး၏ မိသားစုဝင်တစ်ဦး ဖြစ်သည်။ ဒုတိယသတင်းပေးသူမှာ အသက်ရှင်ကျန်ရစ်နေသူတစ်ဦးဖြစ်သည်။ တတိယသတင်းပေးသူသည် ဖြစ်စဉ်တွင်ပါဝင်သည့် အသက်ရှင်ကျန်ရစ်နေသူနှစ်ဦး၏ အခြားသောမိသားစုဝင်တစ်ဦးဖြစ်သည်။ အခင်း |

ဖြစ်ပွားချိန်တွင် သူမသည် အိမ်ထဲတွင်ပုန်းနေပြီး ဖြစ်ပွားခဲ့သည့်အရာများကို မျက်မြင်ကိုယ်တွေ့သူတစ်ဦးဖြစ်သည်။

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

စောဘ--- (၅၅နှစ်)၊ သူ၏အမျိုးသမီးဖြစ်သူ နော်စ--- (၅ဝနှစ်)၊ သူတို့၏သားဖြစ်သူ စောဒ--- (၃ဝနှစ်)၊ သူတို့၏ သမီးဖြစ်သူ နော်ဂ--- (အသက် ၁၅၊ ၁၆ ဝန်းကျင်) နှင့် သူတို့၏မြေးဖြစ်သူ နော်အ--- (၇နှစ်)တို့သည် တောအူးခရိုင်၊ ဒေါ့ဖာခို့မြို့နယ်၊ ဇီးပင်ကလေးကျေးရွာအုပ်စု၊ သ--- ကျေးရွာအနီးရှိ ၎င်းတို့၏ရော်ဘာခြံတွင်ရှိသော အိမ်တစ်လုံးတွင် အတူတကွနေထိုင်ကြပါသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းအတွက် ခြံလုပ်ငန်းကို လုပ်ကိုင်ပါသည်။ ၎င်းတို့၏အိမ်ရှေ့တွင် ဈေးဆိုင်တစ်ဆိုင်ဖွင့်ထားပြီး အပိုဝင်ငွေရရှိရန် လုပ်ကိုင်ကြိုးစားနေသူများလည်းဖြစ်သည်။

နော်ဂ---၏ပြောပြချက်အရ အခင်းဖြစ်ပွားနေစဉ်တစ်လျှောက်လုံး ဆယ်ကျော်သက်အရွယ်ရှိသော စောဘ---၏သမီးသည် အိမ်ထဲတွင်သာ ပုန်းနေခဲ့သည်။ ၂ဝ၂၁ခုနှစ်၊ ဇူလိုင်လ ၉ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် (သ---ရွာတွင်နေထိုင်သည့်) စောင---သည် သူတို့၏ဈေးဆိုင်တွင် ရောက်ရှိလာပြီး စောဘ---အား "ဦးလေး နေကောင်းလား။ ဘာတွေ လုပ်နေတာလဲ" ဟု မေးမြန်းခဲ့သည်။ ထိုသို့မေးမြန်းပြီးနောက် စောင---သည် သူ့မှာ ပါလာသည့်သေနတ်ကို ထုတ်ပြီး စောဘ---၏ရင်ဘတ်ကို ပစ်ခတ်ခဲ့သည်။ (ဤဖြစ်စဉ်တွင် အခြားသော သေနတ်ပစ်ခံရသူတစ်ဦးဖြစ်သူ စောဒ---၏ပြောပြချက်အရ ၎င်းသေနတ်သည် ၂၂ ရိုင်ဖယ်သေနတ်တစ်လက်ဖြစ်ပြီး စောင---မှ ထိုသေနတ်ကို အမဲလိုက်ရန်အတွက် အသုံးပြုသည်။) စောဘ---သည် ချက်ချင်း သေဆုံးခဲ့သည်။ စောင---သည် စောဘ---အား ပစ်သတ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စောဘ---သည် ဒလန် (သတင်းပေးသူ) တစ်ဦးဖြစ်ကြောင်း စောင---မှ ထင်မြင်ယူဆခဲ့ကြောင်းဖြစ်သည်။ စောင---သည် စောဘ---အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (နစက) စစ်သားများနှင့် ရဲများကို သတင်းပေးသူတစ်ဦးဟု စွပ်စွဲခဲ့သည်။ ဤစွပ်စွဲချက်သည် မှန်ကန်ကြောင်း ရှင်းလင်းပြီး ခိုင်လုံသည့် သက်သေအထောက်အထားများ မရှိပေ။ KHRG ၏ သတင်းစုဆောင်းသူတစ်ဦး၏ ပြောပြချက်အရ စောဘ---သည် ဈေးဆိုင်ဖွင့်လှစ်ထားပြီး ဝယ်ယူသူအများနှင့် ထိတွေ့ဆက်ဆံနေရသည့်အတွက်ကြောင့် တစ်ချို့သော ဝယ်ယူသူများသည် ရဲများဖြစ်ပြီး ၎င်းတို့အား သတင်းပေးနေပါသည်ဟု စောင---မှ ထင်မြင်ယူဆနေခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုထင်မြင်ယူဆချက်သည် မှန်ကန်ကြောင်း သက်သေခိုင်လုံမှု မရှိပေ။ စောင---သည် စောဘ---အား သတ်ရန်အတွက် သူ၏သူငယ်ချင်းတစ်ဦးနှင့်အတူ လာခဲ့ကြသည်။ သို့သော် ထိုသူငယ်ချင်းဖြစ်သူသည် စောင---မှ စောဘ---အား သတ်ရန်ကြိုးစားချိန်တွင် အိမ်အနီးနား တစ်နေရာတွင် ပုန်းအောင်းနေခဲ့သည်။

ထိုအချိန်တွင် စောဘ---၏သားဖြစ်သူ စောဒ---သည် သူ၏ရော်ဘာခြံထဲတွင် အလုပ်လုပ်နေပါသည်။ စောဒ---မှ (သေနတ်သံကြားရပြီးနောက်) ရော်ဘာခြံမှ အိမ်သို့ပြန်လာသည့်အချိန်တွင် သူ၏အဖေပစ်သတ်ခံခဲ့ရသည်ကို တွေ့ရှိခဲ့သည်။ ချက်ချင်းပင် စောဒ---သည် စောင---အား ဝင်ရောက်နပမ်းလုံးခဲ့သည်။ ၎င်းတို့နှစ်ဦး နပမ်းလုံးနေချိန်တွင် စောဘ---၏ အမျိုးသမီးဖြစ်သူ နော်စ---သည် အကူအညီရရှိရန်အတွက် ရွာထဲမှ သူမ၏ဆွေမျိုးများနှင့် အခြားရွာသားများအား ဖုန်းဖြင့်လှမ်းခေါ်ခဲ့သည်။ စောင---သည် ၂၂ ရိုင်ဖယ်သေနတ်ကို ဆွဲယူပြီး စောဒ---၏ဗိုက်ကို ပစ်ခဲ့သည်။ စောဒ---သည် သေနတ်ဒဏ်ရာကြောင့် မြေပြင်တွင် လဲကျသွားပြီး မလှုပ်နိုင်တော့ပေ။ မြေပြင်လဲကျနေချိန်တွင် စောဒ---သည် သေချင်ယောင်ဆောင်ခဲ့သည်။ ထို့နောက် စောင---မှ စောဒ---အား ဤကဲ့သို့ပြောခဲ့သည်။ "သွားသေလိုက်တော့"။ ထိုသို့ပြောပြီးနောက်ပိုင်းတွင် စောင---သည် (အိမ်အပြင်တွင် ပုန်းနေသည့်) သူ၏သူငယ်ချင်းဆီကို ပြန်လာခဲ့ပြီး သူ၏သူငယ်ချင်းကို ပြောခဲ့သည်။ "ငါလုပ်ခဲ့ပြီး။ ငါသူတို့ကို သတ်ခဲ့တယ်။ အခု သူ့ရဲ့မိသားစုကို သတ်ဖို့မင်းအလှည့်ပဲ"။ သူ၏သူငယ်ချင်းသည် အိမ်သို့ပြန်လာပြီး စောဘ---၏အမျိုးသမီးဖြစ်သူ နော်စ---ကို ဤသို့မေးမြန်းခဲ့သည်။ "အဒေါ်

ဘာကူညီပေးရမလဲ”။ ထိုသို့ပြောပြီးနောက် သူမ၏ရင်ဘတ်ကို ဓားဖြင့် ထိုးသတ်ခဲ့သည်။

ထိုအချိန်တွင် (အခင်းဖြစ်ပွားစဉ်တစ်လျှောက်လုံး အိမ်ထဲတွင်ပုန်းနေသူတစ်ဦးဖြစ်သော) စောဒ---သမီးဖြစ်သူ နော်အ--- သည် သူမ၏အဖေလှဲကျသည့်နေရာသို့ သွားခဲ့သည်။ စောC---၏သူငယ်ချင်းသည် သူမကို မြင်ပြီး သူမ၏ရင်ဘတ်တွင် ဓားတစ်ချက်ထိုးခဲ့သည်။ ထို့အပြင် သူမ၏ဘယ်လက်ချောင်းများကို ဓားဖြင့် ခုတ်ခဲ့သည်။ သူမ၏ဒဏ်ရာများသည် အလွန်ပြင်းထန်သော်လည်း အသက်မသေခဲ့ပေ။ ထို့နောက် စောC---၏သူငယ်ချင်းသည် အိမ်အပြင်သို့ ထွက်လာခဲ့သည်။

စောC---၏သူငယ်ချင်း အိမ်အပြင်သို့ ထွက်လာပြီးနောက် ရွာမှာရှိသည့် စောဒ---၏အမျိုးများ ရောက်ရှိလာသည်။ ၎င်းတို့မှ ကားတစ်စီးကို ငှားယူပြီး နော်အ---နှင့် သူမ၏အဖေဖြစ်သူ စောဒ---အား ဆေးကုသမှုရရှိရန်အတွက် သံတောင်ကြီးဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ စောဒ---နှင့် နော်အ---သည် ဒဏ်ရာအလွန်ပြင်းထန်သဖြင့် သံတောင်ကြီးဆေးရုံမှ ၎င်းတို့အား ကောင်းကောင်းမွန်မွန် ဆေးမကုသနိုင်ခဲ့ပေ။ သံတောင်ကြီးဆေးရုံတွင် သုံးလေးရက်နေပြီးနောက် ၎င်းတို့အား နေပြည်တော်ကုတင်တစ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ နေပြည်တော် ဆေးရုံတွင် တစ်လကြာဆေးကုသမှုခံယူပြီးနောက် ဆရာဝန်မှ ၎င်းတို့အား အိမ်သို့ပြန်လာပြီး အနားယူရန် ခိုင်းစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဆေးရုံတွင် ကြာမြင့်စွာနေရန် အဆင်မပြေကြောင်း ဆရာဝန်မှ ပြောကြားခဲ့သည်။ ထို့နောက် ၎င်းတို့သည် ဆေးရုံမှ ဆင်းလာပြီး ရွာသို့ပြန်လာနေထိုင်ခဲ့သည်။ သို့သော် ၎င်းတို့၏အနာဒဏ်ရာသည် အပြည့်အဝပျောက်ကင်းခြင်းမရှိခဲ့ပေ။ ၎င်းတို့အား ဆေးကုသမှုပေးသည့် နေပြည်တော်ရှိ ဆရာဝန်မှ ၎င်းတို့အား ဆက်လက်၍ဆေးကုသမှုခံယူရန်အတွက် ဆေးရုံသို့ တစ်လတစ်ခါ ပြန်လာပြရမည်ဟု အကြံပေးခဲ့သည်။

၂၀၂၁ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ညတွင် ကရင်အမျိုးအစည်းအရုံး (KNU) အာဏာပိုင်များက စောC---နှင့် သူ၏သူငယ်ချင်းအားဖမ်းဆီးခဲ့ပြီး ၎င်းတို့အား KNU ခရိုင်ရုံးသို့ ပို့ဆောင်ခဲ့သည်။ စောဒ---၏ပြောပြချက်အရ ဤဖြစ်စဉ်နှင့်ပတ်သတ်ပြီး ပြစ်မှုကျူးလွန်သူနှစ်ဦးကို အရေးယူရန်အတွက် KNU အာဏာပိုင်များအနေဖြင့် ဆုံးဖြတ်ချက် မချသေးပါ။ ဒေသခံ KNU ရဲ (ကရင်အမျိုးသားရဲတပ်ဖွဲ့) များသည်လည်း ၎င်းအမှုကို ဆက်လက်ရှာဖွေစုံးစမ်းနေဆဲဖြစ်သည်။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၅ရက်နေ့တွင် လက်ခံရရှိသည့် KHRG သတင်းစုဆောင်းသူ၏ သတင်းအချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် အမှုကိုစုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်မှုအပိုင်းတို့သည် ယခင်ထက် ပို၍ကြန့်ကြာနေလိမ့်မည်ဖြစ်ကြောင်း သိရှိရသည်။

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

အသက်ရှင်ကျန်ရစ်သူ စောဒ---နှင့် အခြားသောသတင်းပေးသူနှစ်ဦး ဒေါ်ဖ---နှင့် နော်ဂ---တို့သည် ဤလူသတ်မှုနှင့် ပတ်သတ်ပြီး လူအများသိရှိရန်အတွက် ဤသတင်းအကြောင်းအရာအား အသုံးပြုရန် KHRG အား ခွင့်ပြုချက်ပေးခဲ့သည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။